# Reviews& Rankings

## Nexus S အလားအလာကို လျှော့ပါးစေမှုများ

**Samsung နဲ့ google တို့ပူးပေါင်းပြီး ပထမဆုံး ထုတ်လုပ်လိုက်တဲ့ Android 2.3 အသုံးပြုထားတဲ့ phone ဖြစ်ပါတယ်။ ဈေးနှုန်း ဒေါ်လာ ၅၃၀ ဖြစ်ပြီး T-Mobile ရဲ့ နောက်လာမယ့် network စီမံကိန်းဖြစ်တဲ့ HSPA+ ပါမလာတာက အားနည်းချက်ဖြစ်နေပါတယ်။**

အနက်ရောင် Nexus S တွေဟာ သူနဲ့ဆင်တူတဲ့ Nexus One တွေထက် ပိုကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ plastic တွေနဲ့ ဖန်တီးထားတာကြောင့် ခိုင်ခန့်ဖို့ လိုနေပါသေးတယ်။ 4.9" x 1.5" x 0.4" အရွယ်အစားဟာ Nexus One ထက် နည်းနည်းပိုကြီးတယ်လို့ဆိုရပေမယ့် အလေးချိန်ကျတော့ ၄.၅ အောင်စရှိလို့ ပိုတောင်နည်းနေပါသေးတယ်။ အသုံးပြုသူရဲ့ မျက်နှာနဲ့ အနေတော်ဖြစ်မယ့် ၄ လက်မအရွယ် Super AMOLED မှန်ကွေးလေး တပ်ဆင်ပေးထားပါတယ်။ 5-megapixel ရှိတဲ့ camera က လျှပ်တစ်ပြက်ပုံရိပ်တွေ ဖမ်းယူပေးနိုင်ပေမယ့် သားနားတဲ့ပုံတွေတော့ မရနိုင်ပါဘူး။ Indoor ရိုက်ချက်တွေမှာ အရောင်တွေမပြတ်သားဘဲ နည်းနည်းဝါးနေပြီး ပြင်ပ ရိုက်ချက်တွေကျတော့ အရောင်တွေ မွဲခြောက်ခြောက်ဖြစ်နေပါတယ်။

Camera ကို အသုံးပြုရာမှာ ရွေးချယ်စရာတွေ တော်တော်ပေးထားတယ်။ အလိုအလျောက်ချိန်ညှိတာ၊ အနီးကပ်ပြီး ပစ္စည်းသေးသေးကအစ ပုံရိပ်ရိုက်ချက်၊ ရှုခင်းရိုက်ချက် အပြင်အဆင် ၉ မျိုး၊ resolution ၄ မျိုး၊ color mode ၃ မျိုး၊ quality mode ၃ မျိုးနဲ့ အလင်းရောင်တိုင်းတာချက်တွေ ပါရှိပါတယ်။ မိမိပုံရိပ်ကိုလည်း မိမိဖာသာ ရိုက်ယူနိုင်ပါသေးတယ်။ 720 x 480 pixel ရှိတဲ့ပုံရိပ်အရည်အသွေးနဲ့ video တွေကို 30 frame per second နှုန်းရိုက်ယူနိုင်ပါတယ်။ ပြင်ပ video ရိုက်ချက်တွေကို ပြတ်သားတဲ့ပုံရိပ်၊ တိကျတဲ့အရောင်ရအောင် ရိုက်ယူနိုင်တာ တွေ့ရပါတယ်။

Micro SD card သုံးဖို့ slot ပါမလာပါဘူး။ Memory အနေနဲ့ 512 MB ပါရှိပြီး 16GB ထိ တိုးချဲ့နိုင်ပါတယ်။ 1GHz Samsung Hummingbird CPU က မြန်ပါတယ်။ webpage တွေကို အဆင်ပြေပြေ ကြည့်နိုင်တယ်။ File တွေဖွင့်ရင် မြန်ဆန်ကာ menu တွေကိုလည်း ညက်ညက်ညောညော အသုံးပြုနိုင်ပါတယ်။ ဆန်ဖရန်စစ္စကို အရှေ့ဖက်ခြမ်းမှာ ရှိတဲ့ FCC အသိအမှတ်ပြု Ookla Speedtest.net ကို စမ်းသပ်ကြည့်ခဲ့ပါတယ်။ Download မှာ 1632 kbps နှုန်း၊ upload မှာ 1222 kbps နှုန်းနဲ့ အလုပ်လုပ်နိုင်တာတွေ့ရပါတယ်။ T-Mobile phone တွေကို မြို့ရဲ့ နေရာအနှံ့အပြားမှာ ထပ်မံစမ်းသပ်ခဲ့ပေမယ့် ဒီလိုနှုန်းမျိုး မရခဲ့ပါဘူး။ အလွန်ဆူညံတဲ့ လမ်းဒေါင့်ကနေ phone ခေါ်ကြည့်တဲ့အခါ တစ်ဖက်က ကြည်ကြည်လင်လင်ကြားရပြီး ပတ်ဝန်းကျင်အသံတွေတော့ မကြားရဘူးလို့ ဆိုကြပါတယ်။



Nexus S ရဲ့ NFC chip က phone ကို credit card ပုံစံ ပြောင်းပေးနိုင်ပါတယ်

ခြုံပြီး သုံးသပ်ကြည့်ရရင် Nexus S က စိတ်ပျက်စရာ မကောင်းပေမယ့် အလုအယက် ဝယ်ယူရလောက်တဲ့အထိတော့လည်း မဟုတ်ပါဘူး။ သူ့ကိုအသုံးပြုရာမှာ ယိမ်းထိုးမနေအောင် ထိန်းပေးနိုင်ပါတယ်။ လိုအပ်ချက်တွေအနေနဲ့ HSPA+၊ memory တိုးချဲ့နိုင်မှုနဲ့ camera ခလုတ် သီးခြားမပါရှိတာတွေတွေ့ရပါတယ်။ သားသားနားနား ဖန်သားပြင်နဲ့ အသံအရည်အသွေးတွေကတော့ အထူးစွဲမက်စရာ ကောင်းပါတယ်။ ■

# Norton Utilities 15 က မူတစ်ခုနဲ့ ရပ်တည်လာပြီ

Symantec ရဲ့ Norton utilities 15 ကို ဒေါ်လာ ၁၅၀ နဲ့ ဈေးနှုန်း သတ်မှတ်ထားပါတယ်။ ဒီ utility နဲ့ပတ်သက်ပြီး အရေးပါတဲ့မေးခွန်းတွေ ပေါ်ထွက်နေပါတယ်။ ပြောထားသလို အလုပ်လုပ်ရဲ့လား၊ function တွေကကော ဘယ်လောက် ကောင်းပါသလဲ။ သုံးစွဲသူတွေအတွက် လိုကောလိုအပ်ပါသလား။ ဒီနေ့ PC တွေရဲ့ အမြန်နှုန်း၊ Windows နဲ့ file စနစ်တွေ အဆင့်မြင့်လာမှုတွေကြောင့် disk fragmentation လို တစ်ချိန်က အရေးပါခဲ့တာတွေဟာ အခုတော့ ပြဿနာ မဟုတ်တော့ပါဘူး။




Spee Disk ဆိုတဲ့ လုပ်ဆောင်ချက်အသစ်က drive ကို optimize နဲ့ defragment လုပ်ပေးနိုင်ပါတယ်

သက်ဆိုင်ရာ နယ်ပယ်အလိုက် ထွက်ပေါ်နေတဲ့ မေတ္တာလက်ဆောင် software တွေလည်း အများကြီးရှိကြပါတယ်။ Piriform ရဲ့ CCleaner *(find. pcworld. com/63017)* က registry နဲ့ file တွေ ထိန်းသိမ်းတဲ့နေရာမှာ အသုံးပြုနိုင်တယ်။ Disk defragmentation လုပ်နိုင်တဲ့ အခမဲ့ software တွေလည်း အများကြီးရှိကြတယ်။ Windows နဲ့အတူ တစ်ပါတည်းပါရှိလာတဲ့ tool တွေလည်း အများကြီး ရှိပါသေးတယ်။ ဒါကြောင့် Norton utilities 15 လို software အတွက် သင့်တော်တဲ့နေရာ ရှိပါသေးရဲ့လား။

Norton utilities 15 က လိုအပ်သေးသလားဆိုတာ ဘေးဖယ်ထားပြီး၊ Symantec က Windows အမျိုးမျိုးနဲ့ PC တွေကို မွမ်းမံထိန်းသိမ်းပေးတဲ့ tool တွေကို စိတ်အချရဆုံးနဲ့ အလွယ်ကူဆုံးဆိုတဲ့မူချပြီး ထုတ်လုပ်ထားပါတယ်။ ဒါ့အပြင် system လုပ်ဆောင်ပုံ လုပ်ငန်းစဉ်အဆင့်ဆင့်ကို အမြန်ဆုံးနည်းနဲ့ သိနေအောင်လည်း လုပ်ပေးနိုင်တယ်။ Registry backup လုပ်တာ၊ မှားဖျက်မိတဲ့ file တွေ ပြန်ရအောင် undelete လုပ်တာတွေကို ကောင်းကောင်းမွန်မွန် လုပ်ဆောင်ပေးနိုင်တာ တွေ့ရပါတယ်။ Norton version အသစ်မှာ hard disk ကို defragment နဲ့ optimize လုပ်ပေးဖို့ Speed Disk ၊ hard disk ပေါ်မှာ ပြဿနာရှိနေတာတွေ ရှာဖွေ၊ ပြင်ဆင်ပေးမယ့် Disk Doctor နဲ့ file တွေကို ပြန်ရှာသိမ်းပေးမယ့် UnErase Wizard တွေ အလွယ်တကူသုံးနိုင်အောင် ဖြည့်စွက်ပေးထားပါတယ်။

Symantec က တခြားအသုံးတည့်တဲ့ အစိတ်အပိုင်းတွေလည်းထည့်ပေးထားပါတယ်။ တကယ်လို့ PC က အလုပ်လုပ်တာ ထင်သလောက်မမြန်ဘူးဆိုရင် မလိုအပ်တဲ့ software တွေ ပြန်ဖြုတ်ပစ်ပါ။ Windows က ဖြစ်စေ၊ အခမဲ့ရတဲ့ tool တွေက ဖြစ်စေ program တွေဟာ နောက်ကွယ်မှာ တစ်ချိန်လုံး run နေတာရှိရင် ရှာပြီးရပ်ပစ်ပါ။ ဒါဟာ လျင်မြန်မှုကို ရှာဖွေဖော်ထုတ်တဲ့ ဈေးအသက်သာဆုံးနည်းပါပဲ။ ■

# အသေးစားစီးပွားရေးလုပ်ငန်းသုံး HL 4570CDW printer

Brother ကုမ္ပဏီက HL4570CDW အမျိုးအစား color laser printer တစ်မျိုးကို ချိုသာတဲ့ဈေးနှုန်းနဲ့ ထုတ်လုပ်လိုက်ပါတယ်။ ဒေါ်လာ ၅၀၀ ဆိုတဲ့ တန်ဖိုးဟာ အသေးစားနဲ့ အလတ်စား လုပ်ငန်းခွင်အတွက် သင့်တော်ပြီး အမြန်နှုန်းနဲ့ လုပ်ဆောင်နိုင်စွမ်းတွေမှာလည်း ဈေးကြီးတဲ့ printer တွေနဲ့ ယှဉ်နိုင်ပါတယ်။ ပထမတန်း ဓာတ်ပုံအရည်အသွေးကို မမီပေမယ့် လုပ်ငန်းသုံး ရုပ်ပုံတွေအတွက် အကောင်းဆုံးဆိုတာ တွေ့ရပါလိမ့်မယ်။ PC နဲ့ ဆိုရင် တစ်မိနစ်ကို ၁၆ ရွက်နှုန်းနဲ့ print ထုတ်ပေးနိုင်ပြီး Mac ပေါ်မှာဆိုရင် တစ်မိနစ်ကို ၁၆.၄ ရွက်နှုန်း print ထုတ်ပေးနိုင်ပါတယ်။ ရောင်စုံဓာတ်ပုံကို PC ပေါ်မှာ ရိုးရိုးစက္ကူနဲ့ 4.2 ppm(pages per minute) နှုန်း၊ စက္ကူအချောနဲ့ ပုံချောရိုက်ရင် 2.6 ppm နှုန်း ၊ Mac ပေါ်မှာ PDF format

ရောင်စုံရိုက်ရင် 9.6 ppm နှုန်း၊ 22MB ရောင်စုံဓာတ်ပုံကို စာရွက်အပြည့်ရိုက်ရင် 1.6 ppm နှုန်း အသီးသီးရှိကြပါတယ်။ စာလုံးတွေကို ရိုက်နှိပ်ရာမှာ ပြတ်သားနက်မှောင်နေပြီး ရောင်စုံဓာတ်ပုံတွေကို ရိုက်ရင်တော့ နည်းနည်း လှိုင်းထတတ်ပါတယ်။ အရည်အသွေးကောင်းတဲ့ glossy laser paper ပေါ်မှာ ရိုက်ရင် ပိုကောင်းတဲ့ ရုပ်ပုံတွေရတာ တွေ့ရပါတယ်။

Toner cartridge တွေက ပျမ်းမျှနှုန်းထားထက် နည်းနည်း ဈေးပိုသက်သာပါတယ်။ အနက်ရောင် cartidge တစ်ဘူးက ၆၁.၀၇ ဒေါ်လာကျသင့်ပြီး စာမျက်နှာ ၂,၅၀၀ ရိုက်နိုင်တယ်။ Cyan ၊ magenta နဲ့ yellow cartridge ကျတော့ တစ်မျက်နှာကို 4.5 cent ကျပါတယ်။ အရောင် ၄ မျိုး သုံးမယ်ဆိုရင် တစ်မျက်နှာ 15.7 cent ကုန်ကျပါလိမ့်မယ်။

အရည်အသွေးမြှင့်ပြီးရိုက်ရင် အနက်ရောင်စာမျက်နှာ ၆,၀၀၀ အတွက် ၁၀၇.၇၄ ဒေါ်လာ ကုန်ကျကာ အရည်အသွေး လျှော့လိုက်ရင် တစ်မျက်နှာ 1.8 cent ကျပါတယ်။ စာမျက်နှာ ၃,၅၀၀ အတွက် cartridge တစ်ဘူးကို ၁၁၅.၄၉ ဒေါ်လာ ကုန်ကျတာကြောင့် တစ်မျက်နှာ 3.3 cent နှုန်းထားရှိပါတယ်။ အရောင် ၄ မျိုး သုံးမယ်ဆိုရင် ၁ မျက်နှာ 11.7 cent ကုန်ကျပါလိမ့်မယ်။ ■



HL 4570CDW က USB ၊ ethernet ၊ Wi-Fi တို့နဲ့ ချိတ်ဆက်အလုပ်လုပ်နိုင်ပါတယ်

# Phone နဲ့ လွယ်ကူစွာ sync လုပ်နိုင်တဲ့ RealPlayer Plus

RealPlayer ရဲ့ နောက်ဆုံးထုတ် Plus version (version 4) မှာ လုပ်ဆောင်နိုင်စွမ်းကို တိုးမြှင့်ထားတာတွေ့ရပါတယ်။ ဒါပေမဲ့ အခမဲ့ version *(fild.pcworld.com/71473)* ရှိနေတာကြောင့် ဒေါ်လာ ၄၀ တန် premium ကို ပြောင်းသုံးစွဲကြဖို့ ဆိုတာကတော့ ခက်ခဲပါတယ်။

အခမဲ့ RealPlayer မှာ မပါတာတွေ Plus မှာ ပါဝင်တာကို တွေ့ရပါတယ်။ Plus vesion မှာ download လုပ်ရတာ ပိုမြန်တယ်၊ CD burn တာ ပိုအဆင့်မြင့်လာတယ်၊ video ကြော်ငြာတွေကို ချောင်ထိုးပစ်လိုက်ပေမယ့် ရုပ်သံကြော်ငြာတွေကိုတော့ feature tab မှာ ထားထားပေးပါတယ်။ ဒေါ်လာ ၄၀ တန် software မှာ ကြော်ငြာပါတာကတော့ လက်မခံချင်စရာကောင်းပါတယ်။

Online video တွေကို download ချယူပြီး DVD ပေါ်မှာ သိမ်းထားနိုင်ပါတယ်။ Android ၊ BackBerry နဲ့ Nokia စတဲ့ handset တွေပေါ်မှာ media ကို စီမံခန့်ခွဲ အသုံးပြုနိုင်စေပါတယ်။ iTunes ကတော့ Apple စက်တွေအတွက် အကောင်းဆုံးပါပဲ။ Device တွေပေါ်မှာရှိတဲ့ file တွေကို RealPlayer Library နဲ့ အလွယ်တကူ အရွှေ့အပြောင်းလုပ်နိုင်တဲ့အပြင် PC တွေပေါ်က file တွေကို handset တွေပေါ် ရွှေ့ပြောင်းကြည့်ရာမှာ အခက်အခဲမရှိ အသုံးပြုနိုင်ပါတယ်။

Media library ကို RealPlayer Plus မှာ အလွယ်တကူ သုံးနိုင်သလို အခမဲ့ version မှာဆိုလည်း အစွမ်းထက်တဲ့ လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါတယ်။ Plus version အတွက် သုံးလိုက်ရတဲ့ပိုက်ဆံဟာ တခြားနေရာမှာ သုံးလိုက်တာထက် ပိုပြီး တန်ဖိုးရှိပါတယ်။ ■




Phone ကို PC မှာ ချိတ်ဆက်လိုက်တာနဲ့ RealPlayer က မှတ်မိပါတယ်

# File တွေ လုံခြုံမှုရှိစေတဲ့ flash drive ၃ မျိုး

သေးငယ်တဲ့ ပစ္စည်းလေးထဲ file တွေထည့်ပြီး ယူဆောင်ရတာ အလွယ်တကူရှိပေမယ့် အန္တရာယ်တော့ ရှိနေပါတယ်။ Data တွေကို သူခိုးတွေနဲ့ စွက်ဖက်တတ်သူတွေရဲ့ ရန်က ကာကွယ်နိုင်ဖို့ လိုအပ်တဲ့ ကာကွယ်မှုတွေပါဝင်တဲ့ ပစ္စည်းလေးတွေကို ဖော်ပြပေးချင်ပါတယ်။

## လုံခြုံမှုကို အလေးထားတဲ့ drive

Imation က Defender F2000 ဆိုတဲ့ drive တစ်မျိုးကို ထုတ်လုပ်လိုက်ပါတယ်။ လျှို့ဝှက်ထားလိုသူတွေ သဘောတွေ့စေမယ့် ပစ္စည်းမျိုးဖြစ်ပေမယ့် ဈေးတော့ နည်းနည်းကြီးပါတယ်။ Drive ကို computer ထဲမှာ တပ်ပြီးတာနဲ့ မိမိလက်ကို biometric reader ခေါ် လက်ဗွေဖတ်စက်ပေါ် ဖြတ်တင်ပေးရမယ်။ ဒါမှ အထဲကအချက်အလက်တွေ အသုံးပြုလို့ ရစေပါတယ်။ F2000 ဟာ လက်ဗွေဖတ်စက်ပါတဲ့ ပထမဆုံး flash drive တော့ မဟုတ်ပါဘူး။ လုံခြုံစိတ်ချရမှုအတွက် အချိန်နဲ့ ငွေကိုတော့ အထိုက်အလျောက်သုံးစွဲရပါလိမ့်မယ်။

AES 256-bit နဲ့ hardware encryption ကို လုပ်ဆောင်နိုင်ဖို့ biometric scanner ဖြစ်စေ၊ password ဖြစ်စေ တစ်ခုခုကို သုံးတတ်ကြပါတယ်။ ကြမ်းကြမ်းတမ်းတမ်း သုံးလို့ရအောင် အပူဒဏ်၊ အအေးဒဏ်နဲ့ အဖိဒဏ်ပါခံနိုင်အောင် design ပြုလုပ်ထားပါတယ်။

F2000 drive ပေါ်မှာ CD-emulation boot partition ဆိုတာ ပါရှိပါတယ်။ PC တွေပေါ်မှာ အလိုအလျောက် အလုပ်လုပ်လာစေဖို့ သူ့ရဲ့အခင်းအကျင်းနဲ့ password software တွေ အဲဒီ partition ထဲမှာ သိမ်းထားပေးပါတယ်။ ပိုပြီးလုံခြုံအောင် user ကို partition တွေ ပြင်ဆင်ခွင့်၊ ဖုံးကွယ်ခွင့် ပေးမထားပါဘူး။



Imation ရဲ့ Defender F2000 မှာ လက်ဗွေဖတ်စက်ပါဝင်ပါတယ်




IonKey Personal S200 က ရိုးရိုးရှင်းရှင်းပဲ လုပ်ဆောင်ပေးပါတယ်

Aceess standard ဆိုတဲ့ software သေးသေးလေး တစ်ခုလည်း drive ထဲမှာ ထည့်ပေးထားပါတယ်။ PC တွေ Mac တွေပေါ်မှာ install မလုပ်ဘဲ အသုံးပြုနိုင်ပြီး သုံးရတာ လွယ်ကူကာ ပြည့်ပြည့်ဝဝလည်း အသုံးချနိုင်တာကိုတွေ့ရပါတယ်။

## လှပတယ် အကြမ်းခံတယ်

Ironkey Personal S200 ကို လုံခြုံမှုအတွက် hardware နဲ့ software ၂ မျိုးကို အခြေပြုတည်ဆောက်ထားပါတယ်။ တပ်တာ၊ ဖြုတ်တာကို software နဲ့ လုပ်ဆောင်ပြီး အချက်အလက်တွေ ဝှက်တာကို hardware နဲ့ လုပ်ဆောင်သွားတာကြောင့် ဘယ်လို application မှ မလိုတော့တဲ့အပြင် ဖောက်ထွင်း ဝင်ရောက်စရာလမ်းလည်း ပိတ်ပြီးသားဖြစ်သွားပါတယ်။ Drive က ပုံစံကျနလှပပြီး အကြမ်းခံကာ သုံးရတာလည်း လွယ်ကူပါတယ်။

Ironkey က CD-emulation partition အသုံးပြုပြီး control panel ကို သိမ်းထားပါတယ်။ Stick ကို တပ်လိုက်တာနဲ့ control panel က install လုပ်စရာမလိုဘဲ သူ့အလိုလို တက်လာကာ data partition မှာရှိနေတဲ့ application တွေက icon တွေအဖြစ် တက်လာပါလိမ့်မယ်။ သူ့ကို Windows ၊ Mac

နဲ့ Linux တွေမှာ အသုံးပြုနိုင်ပါတယ်။ Ironkey က လုံခြုံတဲ့ online account ရှိတဲ့ drive နဲ့အတူ တွဲဖက်ထားကာ drive ပေါ်မှာ အချက်အလက်တွေ backup လုပ်ထားနိုင်ပါတယ်။

Drive ရဲ့ password တော့ ရှိထားရမှာ ဖြစ်ပြီး အတူတူပါတဲ့ Indentity Manager software ထဲမှာ online ကနေ အမြဲလာပြီးသိမ်းထားနိုင်ပါတယ်။ S200 ပေါ်က နေ Friefox browser သုံးပြီး web portal ထဲ ဝင်မယ်ဆိုရင် user name နဲ့ password ပေးပြီးတာနဲ့ ကိုယ့်ဆီ mail ပြန်လာဖို့ code တစ်ခုပေးရပါလိမ့်မယ်။



Lok-It မှာပါတဲ့ ကိန်းဂဏန်းပြ keypad က data တွေကို စောင့်ရှောက်ပေးပါတယ်

## PIN အခြေပြုလုံခြုံရေး

Lok-It လေးဟာ software မလိုတဲ့ flash storage ပစ္စည်းလေး တစ်ခုဖြစ်ပါတယ်။ Software သုံးစရာမလိုအောင် လုပ်ထားတာမို့ လုံခြုံရေးပိုကောင်းစေပြီး ဘယ်လို operating system နဲ့မဆို သုံးလို့ရပါတယ်။ PIN မှာပါတဲ့ keypad ကို သုံးရမှာမို့ ပိုပြီးလုံခြုံစေကာ hacking တွေ keylogging တွေ ရန်ကနေ ကာကွယ်ပြီးသားဖြစ်စေပါတယ်။

Keypad က သေးပေမယ့် PIN ကို လက်ဖဝါးပေါ် တင်ပြီး key တွေ ရိုက်နိုင်ပါတယ်။ ပြီးရင် စက္ကန့် ၃၀ အတွင်း PC နဲ့ ချိတ်ပေးရပါမယ်။ PIN မှာပါတဲ့ battery လေးက ခေတ္တ ခဏသာ မှတ်ထားပေးနိုင်လို့ဖြစ်ပါတယ်။ အားနည်းချက် တစ်ခုကတော့ သေးငယ်လွန်းတဲ့ keypad ကြောင့် password ပေးရာမှာ အားနည်းသွားစေပါတယ်။ Password ကို မိမိဖာသာ ဂဏန်းအဖြစ်ပြောင်းပြီး အသုံးပြုလို့လည်း ရပါတယ်။ Password မမှန်ဘဲ ၁၀ ကြိမ်အထိ မှားပြီး ဝင်ဖို့ကြိုးစားမိရင် Lok-It က data တွေ အကုန်လုံး ဖျက်ပစ်လိုက်ပါလိမ့်မယ်။

Lok-it ကို တာရှည်ခံ၊ အကြမ်းခံ၊ ရေအောက် တစ်မီတာ အနက်ထိထိကျတာလည်းခံနိုင်အောင် ပုံစံထုတ် ပြုလုပ်ထားတာဖြစ်ပါတယ်။ ■

# အလွယ်တကူ scroll လုပ်နိုင်တဲ့ Swiftpoint mouse

Swiftpoint mouse ကလေးဟာ တခြား mouse တွေနဲ့ ယှဉ်ကြည့်ရင် မြင်ရတာရော၊ အလုပ်လုပ်ရတာမှာပါ မတူညီပါဘူး။ ညာဖက်လက်နဲ့ အသုံးပြုဖို့ ပြုလုပ်ထားတဲ့ mouse ကလေးမှာ ခလုတ်တွေကို အလယ်ခေါင်မှာ တပ်ထားပါတယ်။ ညာဖက်အခြမ်းကို လက်ညှိုးနဲ့ scrollwheel အတွက် နေရာပေးထားပါတယ်။

သေးငယ်တဲ့လက်တွေအတွက် design ထုတ်ထားတာဖြစ်ပြီး ဘောလ်ပင် ၁ ချောင်းကို ကိုင်သုံးရသလိုပါပဲ။ လက်ကြီးတဲ့လူတွေအတွက်တော့ ပုံစံမကျဘဲ လက်ကိုတွန့်လိမ်ပြီး သုံးရပါမယ်။ ကြီးမားလှတဲ့ scrollwheel ကတော့ သဘောကျစရာဖြစ်ပြီး လက်ညှိုးဖြစ်စေ၊ လက်ဖဝါးနဲ့ဖြစ်စေ သုံးလို့ရပါတယ်။

Swiftpoint mouse ရဲ့ USB receiver က သံလိုက်လိုင်းနဲ့ ချိတ် ဆက်နိုင်ပါတယ်




Scrollwheel က တခြား mouse တွေနဲ့မတူပဲ ပုံစံကွဲနဲ့ ထုတ်လုပ်ထားတာဖြစ်ပါတယ်။ Mouse ကို လက်ထဲမှာ နိုင်နိုင်မြဲမြဲ ဆုပ်ကိုင်ပြီး အသုံးပြုချင်တယ်ဆိုရင်တော့ တခြား mouse ကိုသာ ရှာပြီး သုံးသင့်ပါတယ်။ ■

# အသုံးဝင်ပြီး သင့်တင့်တဲ့ဈေးနဲ့ AMD ရဲ့ Radeon HD 6970

AMD က Radeon HD 6970 မှာ "Cayman" ကို စတင် ပွဲထုတ်ထားပါတယ်။ ရောင်းဈေးက ဒေါ်လာ ၃၇၀ ပါ။ ပြိုင်ဖက်ကုမ္ပဏီဖြစ်တဲ့ Nvidia ရဲ့ GeForce GTX 570 နဲ့ တော်တော်နီးစပ်ပါတယ်။ GTX 570 ရဲ့ ရောင်းဈေးက ဒေါ်လာ ၃၅၀ ဖြစ်ပါတယ်။

Card ၂ ခုရဲ့ စွမ်းပကားကို benchmark နဲ့ game တွေသုံးပြီး စမ်းသပ်ဖော်ပြချင်ပါတယ်။ အလွန်မြန်တဲ့ ဒေါ်လာ ၅၀၀ တန် GeForce GTX 580 ကိုပါ ထည့်သွင်းစမ်းသပ်ထားပါတယ်။ DirectX 10 ကို အခြေပြုထားတဲ့ 3D Mark Vantage benchmark ရယူဖို့ resolution ကို 1689 x 1050 pixel မှာ ထားထားပါတယ်။ HD 6970 က GTX 570 ထက် ၈ ရာခိုင်နှုန်း လောက် နောက်ကျန်နေခဲ့ပါတယ်။ Resolution အမြင့်စား 1920 x 1200 ကို တင်ပြီးစမ်းတော့ HD 6970 က GTX 570 ထက် ၅ ရာခိုင်နှုန်းလောက် ပိုမြန်တာ တွေ့ရပါတယ်။

DirectX 11 အခြေပြု 3D Mark 11 ကို အမြင့်စား resolution မှာ တင်ပြီး စမ်းကြည့်တော့ HD 6970 ကပဲ GTX 570 ထက် ၅ ရာခိုင်နှုန်းလောက် ပိုသာနေပြန်ပါတယ်။ ဒါပေမဲ့ GTX 580 ထက်တော့ ၁၀ ရာခိုင်နှုန်းလောက် နောက်ကျနေတာ တွေ့ရပါတယ်။ F1 2010 game စမ်းသပ်ချက်မှာ HD 6970 က စစ်ဆေး ချက်တွေ အားလုံးမှာ GTX 570 ကို ကျော်ဖြတ်နိုင်ခဲ့ပြီး GTX 580 နဲ့ ယှဉ်နိုင်တာကို တွေ့ရပါတယ်။ Just Cause 2 စမ်းသပ် ချက်မှာ GTX 580 က ထိပ်မှာရှိပြီး HD 6970 က နောက်မှာ ကပ်လိုက်နေပါတယ်။



စမ်းသပ်ချက်တွေထဲမှာ Radeon HD 6970 က အသင့်အတင့် စွမ်းဆောင်နိုင်ခဲ့ပါတယ်

အကြမ်းစား လုပ်ဆောင်ချက်တွေမှာ GTX 570 က သာနေတာကို တွေ့ရပေမယ့် HD 6970 မှာက display ရွေးချယ်စရာတွေ ပိုများပါတယ်။ AMD က card တစ်ခုတည်းနဲ့ display ၃ ခု ချိတ်ဆက်နိုင်တဲ့ အချိန်မှာ Nvidia က လိုက်မမီဘူး ဖြစ်နေပါတယ်။ HD 6970 က power သုံးစွဲမှုမှာ ပိုပြီးအဆင်ပြေတာကြောင့် ခြုံပြီးသုံးသပ်ရရင် AMD card က ပိုပြီး အထင်ကြီးစရာဖြစ်နေပါတယ်။ ■

# Data မျက်နှာပြင်ပေါ် စာလုံးရိုက်နှိပ်နိုင်တဲ့ ဓာတ်ပြားရေးစက်

Lite-On ရဲ့ LabelTag-capable IHAS524-T98 ဟာ ဈေးနှုန်းအနေနဲ့ ဒေါ်လာ ၄၀ ရှိတဲ့ internal multiformat DVD burner ဖြစ်ပါတယ်။ သူက data တွေ ရေးမှတ်ထားတဲ့ CD ၊ DVD တွေရဲ့ data တွေ သိမ်းဆည်းတဲ့ဘက်မှာပဲ label တွေကို ပုံနှိပ်ပေးနိုင်ပါတယ်။

Data area အပေါ် စာတွေရေးမှတ်တဲ့နေရာမှာ စာလုံးတွေက သေသပ်ပြီး သာမန်မျက်စိနဲ့ ဖတ်လို့ရပါတယ်။ ဒီအတွက် data သိမ်းဆည်းတဲ့နေရာ လျော့သွားတဲ့အပြင် label tag တစ်ခါရေးပြီးရင် ဒီဓာတ်ပြားပေါ်မှာ နောက်ထပ်ဘာမှ ရေးလို့မရတော့ပါဘူး။ စာလုံးရဲ့ ဆေးသားကလည်း အရောင်မှိန်လို့ ဖတ်ရတာ အခက်အခဲရှိနိုင်ပါတယ်။ CD နဲ့ DVD တွေ ရေးတဲ့အခါမှာလျင်မြန်ပြီး စိတ်ချရတဲ့ အခြေအနေမှာရှိပေမယ့် bluray ဓာတ်ပြားတွေမှာတော့





Lite-On ရဲ့ CD/DVD burer က disc တွေရဲ့ အောက်ဘက်မျက်နှာပြင်မှာ label ထိုးပေးနိုင်ပါတယ်

အသုံးမပြုနိုင်သေးပါဘူး။ Nero Essential program တစ်မျိုးတည်းနဲ့သာ label tag ကို လုပ်ဆောင်နိုင်တာမို့ drive နဲ့အတူ ပူးတွဲ ထည့်ပေးထားပါတယ်။

LabelTag dialog box ပေါ်မှာ ခေတ်ပြားနဲ့အတူ ပုံဖော်ထားတဲ့ label တွေ မြင်တွေ့ရပါလိမ့်မယ်။ ဒီခေတ်ပြားပမာဏ ဘယ်လောက်ကုန်သွားတယ်၊ စာလုံးအရောင်က ဘယ်လို ရှိတယ်ဆိုတာ မြင်ရပါမယ်။

Label ရေးဖို့ ခေတ်ပြားပမာဏရဲ့ အနည်းဆုံး ၁၀ ရာခိုင်နှုန်းလောက်ကို သုံးထားတာမို့ ဒီထက် ကျော်ပြီးရေးလို့မရပါဘူး။ Label စာလုံးတွေက data မှတ်မယ့် area ရဲ့ အပြင်ဘက်မှာ စာတစ်ကြောင်းတည်းနဲ့ ကွေးဝိုက်ပြီး ရေးသားပေးပါတယ်။ စာလုံးအရောင်ဖျော့ရင် font size ကြီးပေးရမှာဖြစ်ပြီး အရောင်ရင့်ရင်တော့ font သေးပေမယ့် ကောင်းကောင်းမြင်ရနိုင်ပါတယ်။

တကယ်လို့ label ကို ၂ ကြောင်း၊ ၃ ကြောင်းရေးသားနိုင်ရင် ပါဝင်တဲ့ သီချင်းတွေကို track နဲ့တကွ စီပြီး ဖော်ပြပေးသွားနိုင်ပါလိမ့်မယ်။ IHAS524-T98 model လေးဟာ ခေတ်ပြားတွေပေါ်မှာ စနစ်တကျမှတ်တမ်းတင် သိမ်းဆည်းထားလိုသူတွေအတွက် အဖိုးတန်ပစ္စည်းလေးတစ်ခုလို့ ဆိုရပါလိမ့်မယ်။ ■

# Cookie တွေ တားဆီးမယ်၊ flash video တွေ ကြည့်မယ်၊ ကျောက်စိမ်းတွေ စီပြီး ကစားမယ်

လူတိုင်း လူတိုင်းဟာ ကောင်းတာကိုလိုချင်ကြပြီး ဆိုးတာတွေကို ရှောင်ချင်ကြတယ်။ ဒီမှာ ပြောချင်တဲ့ ကောင်းတယ်ဆိုတာတွေက video တွေ၊ game တွေဖြစ်ပြီး၊ မကောင်းတာက cookie တွေ နောက်ယောင်ခံလိုက်လာမှာဖြစ်ပါတယ်။

အခမဲ့အသုံးပြုနိုင်တဲ့ Firefox plug-in ၁ ခုကို တွေ့ထားပါတယ်။ အဲဒါကို အကူအညီယူပြီး online ပေါ်မှာ တွေ့လာရမယ့် "evercookies" ကို ထပ်တလဲလဲ ပယ်ရှားပစ်နိုင်ပါတယ်။ အခမဲ့ video downloader နဲ့ flash movie တွေကို အဖန်ဖန် ကြည့်နိုင်ပါတယ်။ လူကြီးတွေကလည်း နောက်ဆုံးပေါ် Bejeweled puzzle game ကို စွဲစွဲလန်းလန်း ကစားနိုင်ကြပါတယ်။




Freemake Video Downloader က web ထဲက video တွေကို download ချကာ တစ်ခါတည်း format လည်း ပြောင်းပေးနိုင်ပါတယ်

## Anonymizer Nevercookie

Internet ကို ကိုယ်ရေးကိုယ်တာအတွက် အသုံးပြုရတာ စိုးရိမ်စရာ ဖြစ်နေနိုင်ပါတယ်။ အထူးသဖြင့် 'evercookies' ဆိုတဲ့ နောက်ဆုံးပေါ် internet အန္တရာယ်ပြုမှုနဲ့ ကြုံရနိုင်တယ်။ Cookie data တွေကို နည်းလမ်းအမျိုးမျိုးနဲ့ web browser ပေါ်မှာ သိမ်းထားပြီး evercookies က cookie ရဲ့ အချက်အလက်တွေကို နောက်ယောင်ခံလိုက်ဖျက်ဖို့ဆိုတာ ခက်ခဲသွားအောင် လုပ်ဆောင်ပါတယ်။ Firefox add-in ဖြစ်တဲ့ Anonymizer Nevercookie က အခမဲ့အသုံးပြုနိုင်ပြီး cookie ကို ရှင်းလင်းရာမှာ အစွမ်းအထက်ဆုံး ဖြစ်နေပါတယ်။ User တွေကို ပုံမှန်အသုံးပြုနေကြ web-surfing session ထဲမှာချည်း မထားပဲ private browsing ထဲမှာသာ လုပ်ဆောင်စေတာကြောင့် ဖြစ်ပါတယ်။ ကိုယ်က evercookies နဲ့တိုးမှာ စိုးရိမ်နေသူဆိုရင်တော့ private browsing က စိတ်ချရတယ်လို့ ဆိုချင်တာ ဖြစ်ပါတယ်။ *find.pcworld.com/71465*




Private browsing mode ထဲမှာ evercookies ရဲ့ ရန်ကလွတ်အောင် Anonymizer Nevercookie က ပြုလုပ်ပေးပါလိမ့်မယ်

## Freemake Video Downloader

Freemake Video Downloader က web တွေပေါ်က flash video တွေကို ရယူပေးပြီး offline မှာ အေးအေးဆေးဆေးကြည့်နိုင်ဖို့ မိမိနှစ်သက်ရာ format ကို ပြောင်းပေးနိုင်ပါတယ်။ သူ့အရင် version တွေထက် ပိုပြီး လုပ်ဆောင်ချက်တွေ များလာတာကိုတွေ့ရပါတယ်။ Download လုပ်နေရင်း မိမိအလိုရှိရာ format ကို ပြောင်းပေးနိုင်တာကြောင့် အချိန်ကုန်သက်သာစေပါတယ်။ ပြောင်းပြီးသား video ကို folder တစ်ခုခုမှာ သိမ်းထားပြီး file အရွယ်အစားနဲ့ ဒီ video ကို ကြည့်ရင် ကြာမယ့်အချိန် စတဲ့ အချက်အလက်တွေ ရယူနိုင်ပါတယ်။

*find.pcworld.com/71464*

## Bejeweled 3

၉ နှစ် ကြာပြီးတဲ့နောက် 'slide gems to form lines' game မှာ ဘာတွေများ ထပ်မံတိုးချဲ့ထားပါသေးလဲ။ အဓိက version ဖြစ်တဲ့ Bejeweled 2 ထုတ်ပြီး ၆ နှစ် အကြာမှာ Bejeweled 3 ထွက်လာတာဖြစ်ပါတယ်။ ဂန္ထဝင်မြောက် game အဆင့်ကို ထိန်းသိမ်းတဲ့အနေနဲ့ စွမ်းဆောင်ရည်အသစ်တွေ အစုလိုက်ထည့်သွင်းထားပါတယ်။ Puzzle/matching game ကို နှစ်သက်တယ်ဆိုရင် ပေါ်များလှတဲ့ ရွေးချယ်စရာတွေကို အသုံးပြုရမှာမို့ ဒေါ်လာ ၂၀ ပေးရပါမယ်။ အခမဲ့အနေနဲ့ နမူနာလောက် စမ်းကြည့်ချင်ရင် တစ်နာရီထိ ကစားခွင့်ရှိပါတယ်။ Quest mode ထဲ ဝင်ကြည့်



Bejeweled 3 ထဲမှာဆိုရင် goal က ရောင်စုံ gem တွေကို classic ရော new နဲ့ပါ အုပ်စုဖွဲ့ တွဲရမှာဖြစ်ပါတယ်

မယ်ဆိုရင်တော့ ပိုပြီးများတဲ့ game မျိုးစုံနဲ့ တွေ့ရပါလိမ့်မယ်။

*find.pcworld.com/71466*

| MODEL | | | Rating | Performance | Features and specifications |
|---|---|---|---|---|---|
| 1 |  | Origin Genesis 2011<br>$6499 NEW<br>find.pcworld.com/71187 | ★★★★½ SUPERIOR | • WorldBench 6 score: 223<br>• WorldBench 6 rating: Superior<br>• Overall design: Very Good<br>• Graphics: Perfect | • 5GHz Core i7-2600K<br>• 16GB RAM; 2.1TB storage<br>• Nvidia GTX 580 (three)<br>• Blu-ray Disc drive |
| | | ⊔ The revamped Genesis delivered the fastest results we've ever seen, at a price that's actually a bit lower than its predecessor's. | | | |
| 2 |  | Maingear Shift Super Stock<br>$8000 NEW<br>find.pcworld.com/71188 | ★★★★½ SUPERIOR | • WorldBench 6 score: 203<br>• WorldBench 6 rating: Superior<br>• Overall design: Very Good<br>• Graphics: Perfect | • 4.35GHz Core i7-980X Extreme Edition<br>• 6GB RAM; 512GB storage[1]<br>• Nvidia GTX 580 (three)<br>• Blu-ray Disc drive, DVD-RW |
| | | ⊔ In a category rife with awe-inspiring performance and daunting price tags, Maingear just about tops the charts on both counts. | | | |
| 3 |  | BEST BUY Origin Genesis Midtower 2011<br>$1999 NEW<br>find.pcworld.com/71189 | ★★★★ VERY GOOD | • WorldBench 6 score: 186<br>• WorldBench 6 rating: Very Good<br>• Overall design: Superior<br>• Graphics: Superior | • 4.7GHz Core i7-2600K<br>• 4GB RAM; 640GB storage<br>• Nvidia GTX 570<br>• DVD-RW |
| | | ⊔ Though less imposing than its larger sibling, this machine manages one of the best price-to-performance ratios on our charts. | | | |
| 4 |  | Digital Storm Black Ops Assassin<br>$3391<br>find.pcworld.com/70421 | ★★★★ VERY GOOD | • WorldBench 6 score: 172<br>• WorldBench 6 rating: Good<br>• Overall design: Superior<br>• Graphics: Superior | • 3.90GHz Core i7-930<br>• 6GB RAM; 1.1TB storage<br>• Nvidia GTX 480 (two)<br>• Blu-ray Disc drive; DVD-RW |
| | | ⊔ You won't find a more killer gaming/performance PC than the beautifully constructed Black Ops Assassin from Digital Storm. | | | |
| 5 |  | CyberPower Black Pearl<br>$4199<br>find.pcworld.com/69878 | ★★★★ VERY GOOD | • WorldBench 6 score: 171<br>• WorldBench 6 rating: Good<br>• Overall design: Very Good<br>• Graphics: Perfect | • 3.33GHz Core i7-980X<br>• 6GB RAM; 2TB storage<br>• ATI Radeon HD5870 (three)<br>• Blu-ray Disc drive |
| | | ⊔ Equipped with Intel's impressive six-core Core i7-980X processor, the Black Pearl could prove to be a power user's best friend. | | | |

# Alibre ရဲ့ ရိုးရှင်းလှတဲ့ CAD software

Alibre ရဲ့ Design 2011 Presonal edition ကို ဈေးနှုန်း ၉၉ ဒေါ်လာ သတ်မှတ်ထားပါတယ်။ Professional edition က



Alibre ရဲ့ New Assembly mode က အစိတ်အပိုင်းတွေအများကြီးကို မြင်ကွင်းတစ်ခုတည်းမှာပဲ ပြပေးနိုင်ပါတယ်

၆၉၉ ဒေါ်လာ ဖြစ်ပြီး Expert edition က ၁,၃၉၉ ဒေါ်လာ ကျသင့်တာကြောင့် Personal edition (PE) က ကျိုးစယ်နေသလို ဖြစ်နေပါတယ်။ ဒါပေမဲ့ PE က 32-bit application အမျိုးအစား ဖြစ်ပါတယ်။

Alibre Design ရဲ့ သဘောသဘာဝနဲ့ လက်တွေ့ လုပ်ဆောင်ချက်တွေက plane ၃ ခုကို အခြေခံပြီးပုံဖော်ရတဲ့ 3D program အမျိုးအစားဖြစ်ပါတယ်။ Math ၊ geometry နဲ့ trigonometry တွေကို ရောမွှေပြီး အသုံးပြုထားတာပါ။

Alibre ဟာ သင်ခန်းစာတွေ လေ့လာအသုံးပြုနိုင်စေဖို့ tutorial ကို video တွေ text တွေနဲ့ ပေးထားပါတယ်။ Design PE ဟာ အဆင့်မြင့် CAD program ဖြစ်ပေမယ့် တချို့ လုပ်ဆောင်ချက်တွေ လုပ်လို့မရတာတွေ့ရပါတယ်။ အမှားတွေ ပါမသွားရလေအောင် undo command ကို မကြာခဏ အသုံးပြု လုပ်ဆောင်နေရပါတယ်။

သချာစွမ်းရည်ကို လေ့ကျင့်တဲ့ သဘောနဲ့ လက်တွေ့ လုပ်ငန်းခွင်မှာ design PE နဲ့ design ပုံတွေ ရိုက်ထုတ်နိုင်ပါတယ်။ ပြီးစီးသွားတဲ့ design ဖန်တီးချက်တွေကို လုပ်ငန်းခွင်မှာ အသုံးပြုနိုင်မယ့် format နဲ့ ထုတ်လုပ် ပေးနိုင်တာကိုလည်း တွေ့ရပါတယ်။

မိမိ format နဲ့တူတဲ့ ကြိုတင်ဖန်တီးထားတဲ့ အစိတ်အပိုင်းတချို့ကို download ချယူကာ မိမိရဲ့ ဖန်တီးချက်တွေနဲ့ ပေါင်းစပ်ပြီး ပြင်ဆင်နိုင်၊ အသုံးပြုနိုင်ပါသေးတယ်။

Alibre Design 2011 PE က ပြည့်စုံလုံလောက်တဲ့ စွမ်းရည်တွေ ရှိပြီး အထိုက်အလျောက်ငွေရင်းနှီးမြှုပ်နိုင်ရုံနဲ့ လေ့ကျင့်နိုင်တဲ့ software အမျိုးအစားတစ်ခု ဖြစ်ပါတယ်။ ■

# Display နှစ်ခုနဲ့ Samsung Continuum



Display ၂ ခုပါဝင်တာကြောင့် phone က up-to-date ဖြစ်နေပါတယ်

ထိတို့ပြီးအသုံးပြုနိုင်တဲ့ display ၂ ခုပါဝင်တဲ့ smartphone ဖြစ်ပါတယ်။ အရွယ်အစား 4.9" x 2.3" x 0.5" နဲ့ အလေးချိန် ၄.၄ အောင်စ ရှိပြီး လက်ကိုင်စရာအခုံးလေး ပါရှိတာကြောင့် ဆွဲဆောင်မှု အပြည့်ရှိပါတယ်။

ဒီ phone မှာ display နှစ်ခု ပါရှိတာကြောင့် ဆောင်တပ်ပေးဖို့ လိုပါမယ်။ Super AMOLED display က ၃.၄ လက်မ အရွယ်ရှိပြီး နည်းနည်းပိုသေးတဲ့ Super AMOLED screen က အောက်မှာ ထပ်ပြီးရှိနေပါသေးတယ်။ အဓိကထားသုံးတဲ့ screen က Galaxy phone ရဲ့ အရွယ်ထက် သေးနေပေမယ့် အရောင် လင်းလက်မှုရောမွှေပြီး သဘာဝကျတဲ့အပြင် outdoor မှာပါ ကောင်းကောင်းမွန်မွန် အသုံးပြုနိုင်တာ တွေ့ရပါတယ်။

Continuum ရဲ့ သေးငယ်ကျဉ်းမြောင်းတဲ့ screen မှာ စာရိုက်ရတာ တော်တော်စိတ်ရှုပ်ထွေးစေပြီး Keyboard က အဟန့်အတားဖြစ်စေတာကြောင့် အမှားတွေရိုက်မိတာများပါတယ်။ Galaxy phone မှာကတော့ ဒီလောက်မဆိုးရွားပါဘူး။ မိမိစိတ်ကြိုက် ဖန်တီးနိုင်တဲ့ ၁.၈ လက်မအရွယ် မြင်ကွင်းထဲမှာ social network တွေ၊ website တွေကို ခေါ်ကြည့်လို့ ရပါတယ်။ ■

ပုလဲ